
Translator - Shanhtet
ဂတနာနယ်မြေအရှင်သခင်
စာစဉ်-၇

# အခန်း (၈၃)

# အကူအညီတောင်းခံခြင်း

*

ခန္ဓာကိုယ်နှစ်ခြမ်းကွဲသွားသော စိတ်အာဃာတမိစ္ဆာသည် နာကြည်းချက်များဖြင့် ပြည့်နှက်နေသော်လည်း ခဏအကြာတွင်မူ ယင်း၏မျက်နှာထက်၌ ယုတ်မာရက်စက်သော အပြုံးတစ်ခု ပြန်လည်ပေါ်ပေါက်လာချေသည်။

"ဟားဟားဟား... ချင်ယွမ်ဖုန်း၊ ငါက သေမှာမဟုတ်ဘူး။ မင်းကို အမြဲတမ်း စောင့်ကြည့်နေမှာ။ မင်းအနည်းငယ်လောက် သတိလက်လွတ်ဖြစ်သွားတာနဲ့ ငါပြန်ပေါ်လာမှာပဲ။

ဟားဟားဟား..."

ထိုသို့ပြောဆိုပြီးနောက် စိတ်အာဃာတမိစ္ဆာ၏ ခန္ဓာကိုယ်နှစ်ခြမ်းသည် အနက်ရောင်အငွေ့အဖြစ်သို့ ပြောင်းလဲကွယ်ပျောက်သွားသော်လည်း ယင်း၏စက်ဆုပ်ဖွယ်ရာ ရယ်မောသံမှာမူ ထိုနေရာ၌ ပဲ့တင်ထပ်၍ ကျန်ရစ်လေသည်။

ချင်ယွမ်ဖုန်းသည် မိမိ၏ဗလာဖြစ်နေသော လက်ဖဝါးကို ကြည့်ရှုရင်း တိတ်ဆိတ်စွာ ပြုံးလိုက်မိ၏။

အရေးကြီးသော အခိုက်အတန့်တွင် ချင်ယွမ်ဖုန်းသည် မိမိ၏ ဝိညာဉ်စွမ်းအားကို အမှန်တကယ်ပင် ခံစားသိရှိခဲ့ရသည်။ ဤဝိညာဉ်နယ်ပယ်အတွင်း၌ ဝိညာဉ်စွမ်းအားကို ရုပ်ဒြပ်အဖြစ် စုစည်းနိုင်ပေရာ ချင်ယွမ်

ဖုန်း၏လက်ထဲ၌ မမြင်နိုင်သောဓားတစ်လက်မှာ အမှန်တကယ်ပင် တည်ရှိနေခဲ့ခြင်း ဖြစ်ပေသည်။

ထိုခဏ၌ပင် ဝိညာဉ်ဓားရှည်သည် တဖြည်းဖြည်းနှင့် လွင့်ပြယ်သွားပြီးနောက် ပတ်ဝန်းကျင်ဟင်းလင်းပြင်ကြီးမှာလည်း ရုတ်ချည်းပင် အက်ကွဲပျက်စီးလာတော့သည်။

ချင်ယွမ်ဖုန်းသည် မျက်လုံးများကို ပြန်လည်မှိတ်လိုက်ပြီးနောက် ရုတ်တရက် ပြန်၍ဖွင့်လိုက်ချေ၏။

ထိုအခါမှသာ မိမိကိုယ်မိမိ လက်တွေ့လောကသို့ ပြန်လည်ရောက်ရှိလာကြောင်း သိရှိနားလည်တော့သည်။

အစောပိုင်းက ဖြစ်ပျက်ခဲ့သမျှသည် အိပ်မက်တစ်ခုကဲ့သို့ပင်။ သို့သော်လည်း ဤအိပ်မက်မှာ လွန်စွာမှပင် လက်တွေ့ဆန်လှကြောင်းကိုမူ ချင်ယွမ်ဖုန်း ကောင်းစွာသိရှိလေသည်။

အကယ်၍သာ သူသည် အိပ်မက်ထဲ၌ သေဆုံးသွားခဲ့ပါမူ ယခုအချိန်တွင် နိုးထလာမည့်သူမှာ သူ၏စိတ်အာဃာတမိစ္ဆာသာ ဖြစ်တန်ရာ၏။

ချင်ယွမ်ဖုန်းသည် အသက်ရှူအောင့်ထားနိုင်သည့် အတိုင်းအတာမှာ အဆုံးစွန်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ခံစားလိုက်ရသဖြင့် ရေကန်အောက်ခြေမှ အမြန်ပင် တိုးထွက်လာခဲ့သည်။

ရေကန်ဘေးတွင် ထိုင်နေသော ချန်ရှောင်ချောင်မှာ လန့်ဖျပ်သွားပြီးနောက် နောက်သို့ အပြေးအလွှား ဆုတ်ခွာသွားမိသည်။

ချင်ယွမ်ဖုန်းသည် ရေကန်ထဲမှ ခေါင်းပြူထွက်လာပြီး ချန်ရှောင်ချောင်၏ ပုံစံကို မြင်တွေ့ရသောအခါ စိတ်မကောင်းစွာဖြင့် ခေါင်းခါလိုက်မိကာ - "တောင်းပန်ပါတယ် ရှောင်ချောင်ရယ်၊ အစ်ကို မင်းကို လန့်အောင်လုပ်မိ

သွားပြီ။ နောက်ကို ဒီလိုမျိုး မဖြစ်စေရဘူးလို့ အစ်ကို ကတိပေးပါတယ်" ဟု ဆိုလေသည်။

ထိုစကားကို ကြားလိုက်ရသည်နှင့် ချန်ရှောင်ချောင်သည် မျက်ရည်များ ဝဲတက်လာပြီး ချင်ယွမ်ဖုန်းကို ပြေး၍ တင်းကျပ်စွာ ဖက်ထားလိုက်တော့သည်။

ချင်ယွမ်ဖုန်းမှာမူ သူ၏ဦးခေါင်းမှာ နူးညံ့သောအရာတစ်ခုခုနှင့် ဖိကပ်မိသွားသဖြင့် နှာခေါင်းသွေးများ ပန်းထွက်လာချေသည်။

"အို... ဖုန်းအစ်ကို၊ အစ်ကို့ဆီက သွေးတွေထွက်နေတယ်" ချန်ရှောင်ချောင်သည် ခန္ဓာကိုယ်ပေါ်၌ စိုစွတ်မှုကို ခံစားလိုက်ရသဖြင့် ငုံ့ကြည့်လိုက်ရာ ချင်ယွမ်ဖုန်း၏ နှာခေါင်းမှ သွေးများ အဆက်မပြတ် စီးကျနေသည်ကို တွေ့လိုက်ရ၏။

"ဘာမှမဖြစ်ပါဘူး... နှာခေါင်းသွေးလျှံတာပါ..." ချင်ယွမ်ဖုန်းမှာမူ နှစ်လိုဖွယ်ရာ အမူအရာဖြင့် လက်ကို ဝှေ့ယမ်းပြနေဆဲ ဖြစ်သည်။

"မဟုတ်ဘူး ဖုန်းအစ်ကို၊ အစ်ကို့ရဲ့ နားတွေနဲ့ မျက်လုံးတွေကပါ သွေးထွက်နေတာ" ချန်ရှောင်ချောင်က ထိတ်လန့်တကြား အော်ဟစ်လိုက်သည်။

ထိုအခါမှသာ ချင်ယွမ်ဖုန်းသည် တစ်စုံတစ်ခု မှားယွင်းနေပြီဖြစ်ကြောင်း သတိပြုမိသွား၏။ သူသည် ရေကန်ထဲမှ အမြန်ပင် ခုန်ထွက်လိုက်သော်လည်း ခန္ဓာကိုယ်၌ အားအင်မရှိတော့ဘဲ ပါးစပ်မှလည်း သွေးများ အန်ထွက်လာတော့သည်။

သူသည် မိမိ၏အခြေအနေကို အမြန်ပင် စစ်ဆေးကြည့်လိုက်ရာ ခန္ဓာကိုယ်အတွင်းရှိ သွေးကြောများမှာ အစီအစဉ်မကျဘဲ ဖရိုဖရဲ ဖြစ်နေသည်ကို တွေ့ရှိရသည်။

ရေတွက်၍မရနိုင်သော သွေးကြောများမှာ တစ်ခုနှင့်တစ်ခု လိမ်ယှက်နေသဖြင့် ကိုယ်တွင်းစွမ်းအင်များမှာ ထိန်းမနိုင်သိမ်းမရ သောင်းကျန်းနေပြီး သွေးများမှာလည်း ပြောင်းပြန်စီးဆင်းနေချေပြီ။

စိတ်အာဃာတမိစ္ဆာ၏ ဘေးအန္တရာယ်မှာ ကျော်လွန်သွားခဲ့ပြီ ဖြစ်သော်လည်း ချင်ယွမ်ဖုန်း၏ အခြေအနေမှာမူ အကောင်းဘက်သို့ ရောက်ရှိမလာသေးပေ။

သူသည် အမြန်ပင် တင်ပလ္လင်ခွေ ထိုင်လိုက်ပြီးနောက် သွေးကြောများကို ပြန်လည်ထိန်းညှိကာ ကိုယ်တွင်းစွမ်းအင်များကို သန့်စင်ရန်နှင့် မိမိ၏ခန္ဓာကိုယ်ကို ကယ်တင်ရန် ကြိုးပမ်းတော့သည်။

သို့ရာတွင် သူ၏သွေးကြောများမှာ လွန်စွာလိမ်ယှက်နေပြီး အချို့မှာ ထုံးစံများပင် ဖြစ်နေသဖြင့် ယင်းတို့ကို ပြန်လည်ခွဲထုတ်ရန်မှာ လွယ်ကူလှသော အမှုမဟုတ်ချေ။

ချန်ရှောင်ချောင်သည် ဘေးနားမှနေ၍ စိုးရိမ်တကြီး ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိသော်လည်း ချန်ဒါချောင်ကိုမူ မည်သည့်နေရာ၌မျှ မတွေ့ရပေ။

"အစ်မရယ်... ဖုန်းအစ်ကိုရယ်... သူတို့နှစ်ယောက်စလုံး ဘာမှမဖြစ်ပါစေနဲ့" ဟု ချန်ရှောင်ချောင်သည် စိတ်ထဲမှ တိတ်တဆိတ် ဆုတောင်းနေမိသည်။

တစ်ချိန်တည်းမှာပင် ဆေးနတ်ဘုရားဂိုဏ်း၏ အောက်ခြေ၌ ရောက်ရှိနေသော ချန်ဒါချောင်မှာမူ လွန်စွာ စိုးရိမ်ပူပန်နေရချေသည်။

"ဘာလို့ သူတို့ အခုထိ ရောက်မလာသေးတာလဲ၊ ဘာလို့လဲ" ဟု ချန်ဒါချောင်က ဂိတ်တံခါးစောင့် တပည့်နှစ်ဦးကို မေးမြန်းလိုက်သည်။

သို့သော်လည်း ထိုတပည့်နှစ်ဦးမှာ ဘာဖြစ်နေသည်ကို မသိရှိကြပေ။ "မိန်းကလေး... စိတ်ရှည်ရှည်ထားပါ၊ အကြီးအကဲက ဂိုဏ်းချုပ်ဆီကို သတင်းပို့ဖို့ သွားပြီပဲ၊ မကြာခင် ရောက်လာမှာပါ"

"ဒီစကားကို ပြောနေတာ တစ်နာရီတောင် ရှိနေပြီ!

မရတော့ဘူး၊ ငါကိုယ်တိုင်ပဲ ဂိုဏ်းချုပ်ကို သွားရှာတော့မယ်" ဟု ပြောဆိုကာ ချန်ဒါချောင်သည် ဆေးနတ်ဘုရားဂိုဏ်းအတွင်းသို့ အတင်းတိုးဝင်ရန် ပြင်ဆင်လေသည်။

သို့သော် တပည့်နှစ်ဦးမှာ သူမကို အဝင်မခံဝံ့သဖြင့် အမြန်ပင် ရှေ့သို့ တက်၍ တားဆီးကြသည်။

ထိုခဏ၌ ဝမ်ချိုင်သည် ဝုန်းခနဲ ပြေးထွက်လာပြီး ချန်ဒါချောင်၏ ရှေ့တွင် ခုန်အုပ်လိုက်သည်။ ယင်း၏ ခန္ဓာကိုယ်ကို အနည်းငယ် လှုပ်ယမ်းလိုက်ရုံမျှဖြင့် တပည့်နှစ်ဦးမှာ လွင့်စင်ထွက်သွားရချေသည်။

ထိုအခွင့်အရေးကို အသုံးချ၍ ချန်ဒါချောင်သည် ဆေးနတ်ဘုရားဂိုဏ်း တံခါးအတွင်းသို့ ပြေးဝင်သွားပြီး "ကယ်ကြပါဦးတစ်ယောက်ယောက် ကယ်ကြပါဦး" ဟု ကျယ်လောင်စွာ အော်ဟစ်တော့သည်။

ထိုဆူညံသံများကြောင့် တပည့်များစွာ နိုးထလာကြပြီး ဤသို့ သန်းခေါင်ယံအချိန်၌ အကူအညီတောင်းခံနေသော အမျိုးသမီးကို စူးစမ်းလိုစိတ်ဖြင့် ထွက်ကြည့်ကြလေသည်။

အကြီးအကဲ ဖုန်းလျန်သည်လည်း ချန်ဒါချောင်၏ အော်ဟစ်သံကို ကြားလိုက်ရသဖြင့် စိတ်လှုပ်ရှားသွားမိသည်။

သူသည် တပည့်ဖြစ်သူ ချင်ယွမ်ဖုန်း ကျင့်စဉ်ဖောက်ပြန်နေသည့် အကြောင်းကို သတင်းမပို့ဘဲ ရည်ရွယ်ချက်ရှိရှိ နှောင့်နှေးအောင် ပြုလုပ်

ထားခဲ့ခြင်း ဖြစ်သော်လည်း ယခုအခါတွင်မူ ဖုံးကွယ်ထားရန် နောက်ကျသွားပြီဖြစ်ကြောင်း သိရှိလိုက်ရသည်။

"ပါးစပ်ပိတ်စမ်း ဆေးနတ်ဘုရားဂိုဏ်းထဲမှာ ဒီလိုမျိုး အော်ဟစ်ရလား။ ငါကိုယ်တိုင် အခုပဲ ဂိုဏ်းချုပ်ကို သွားပြီး သတင်းပို့မယ်။ မင်း ဒီမှာပဲ ခဏစောင့်နေ" ဟု ဖုန်းလျှန်က ထွက်လာပြီး ခပ်စိမ်းစိမ်း ဆိုလိုက်သည်။

ချန်ဒါချောင်သည် ဖုန်းလျှန်ကို မြင်သောအခါမှ ခေါင်းငြိမ့်ပြလိုက်သည်။

ဖုန်းလျှန်သည် တောင်ထိပ်သို့ တိုက်ရိုက် ဦးတည်သွားလေသည်။

ဆေးနတ်ဘုရားဂိုဏ်း၏ ပင်မခန်းမကြီး၏ အနောက်ဘက်တွင် ဂိုဏ်းချုပ်နှင့် အကြီးအကဲများ နေထိုင်ရာ ရပ်ကွက် တည်ရှိပေသည်။

"ဂိုဏ်းချုပ်... တောင်ခြေက အမျိုးသမီးတစ်ယောက် လာရောက်တွေ့ဆုံခွင့် တောင်းနေပါတယ်။ ကျွန်တော်တို့ရဲ့ တပည့် ချင်ယွမ်ဖုန်းဟာ ကျင့်စဉ်ဖောက်ပြန်ပြီး သွေးရူးသံရူး ဖြစ်နေတာကြောင့် ဂိုဏ်းကနေ လူလွှတ်ပြီး ကယ်တင်ပေးဖို့ ပြောနေပါတယ်" ဟု ဖုန်းလျှန်က ခန်းမအတွင်း၌ ဒူးထောက်၍ အသံနက်ကြီးဖြင့် တင်ပြလိုက်သည်။

မကြာမီမှာပင် ဂိုဏ်းချုပ် ဒုန်ဖန်းရှန့်မင်၏ ပုံရိပ်သည် ခန်းမအတွင်း၌ ပေါ်ပေါက်လာချေသည်။

"ငါ့ကို အဲဒီကို ခေါ်သွားပါ" ဟု ဒုန်ဖန်းရှန့်မင်က ဆိုသည်။

ဖုန်းလျှန်သည် ခေါင်းငြိမ့်ကာ ဒုန်ဖန်းရှန့်မင်ကို တောင်ခြေသို့ ခေါ်ဆောင်သွားတော့သည်။

"ဒါ ငါတို့ ဆေးနတ်ဘုရားဂိုဏ်းရဲ့ ဂိုဏ်းချုပ်ပဲ၊ ဘာလို့ ဒူးမထောက်တာလဲ" ဟု ချန်ဒါချောင်ကို မြင်သောအခါ ဖုန်းလျှန်က အေးစက်စွာ ဆိုလိုက်သည်။

ထိုစကားကို ကြားသည်နှင့် ချန်ဒါချောင်သည် ချင်ယွမ်ဖုန်းကို ကယ်တင်နိုင်ရန်အတွက် ဆိုလျှင် မည်သည့်အရာကိုမဆို ပြုလုပ်မည်ဟု ဆိုကာ ချက်ချင်းပင် ဒူးထောက်ရန် ပြင်လိုက်သည်။

သို့သော် နူးညံ့သော အားတစ်ခုက သူမကို ဒူးမထောက်နိုင်အောင် ဆွဲထိန်းလိုက်ချေသည်။ ဒုန်ဖန်းရှန့်မင်က ပြုံးလိုက်ရင်း - "မင်းက ငါ့ဂိုဏ်းရဲ့ တပည့်မဟုတ်တဲ့အတွက် ငါ့ရှေ့မှာ ဒူးထောက်ဖို့ မလိုပါဘူး။ ဘာတွေဖြစ်ခဲ့တာလဲ" ဟု မေးမြန်းသည်။

"ကျွန်မတို့ ဖုန်းအစ်ကိုနဲ့အတူ နန်ဂူးမြို့ကနေ ပြန်လာပြီးတဲ့နောက် ဖုန်းအစ်ကို့ရဲ့ အမူအရာတွေက ထူးဆန်းလာပါတယ်။ သူက သွေးရူးသံရူးဖြစ်ပြီး ကျွန်မတို့ကိုတောင် ရန်ပြုမလို ဖြစ်ခဲ့တာပါ..."

ချန်ဒါချောင်သည် ဖြစ်ပျက်ခဲ့သမျှကို ဒုန်ဖန်းရှန့်မင်အား အကျဉ်းချုပ် ပြောပြလိုက်သည်။

"မင်း ရဲလှချည်လား ဒီချင်ယွမ်ဖုန်းက လူတွေကို မြေနက်မြေမှာ ခေါ်ထားဝံ့တယ်ပေ့ါလေ" ဟု ဖုန်းလျန်က ချင်ယွမ်ဖုန်း၏ အမှားတစ်ခုကို အမိအရဖမ်းဆုပ်ကာ ဆိုလိုက်သည်။

"ဒါ ဖုန်းအစ်ကို့အမှား မဟုတ်ပါဘူး၊ ကျွန်မတို့ ဓားပြတိုက်ခံရပြီး အသက်အန္တရာယ် ကြုံနေရချိန်မှာ ဖုန်းအစ်ကိုက ကယ်တင်ခဲ့ပြီး နေခွင့်ပေးခဲ့တာပါ။ အကယ်၍ တစ်ယောက်ယောက်ကို အပြစ်ပေးမယ်ဆိုရင် ကျွန်မတို့ ညီအစ်မနှစ်ယောက်ကိုပဲ အပြစ်ပေးပါ!" ဟု ချန်ဒါချောင်က အမြန်ပင် ဆိုလိုက်သည်။

"ဟင်း..." ဒုန်ဖန်းရှန့်မင်သည် ဖုန်းလျန်ကို အေးစက်စွာ ကြည့်လိုက်ရာ ယင်း၏ အကြည့်များမှာ လူတို့၏ နှလုံးသားကို ဖောက်ထွင်းမြင်နိုင်စွမ်း ရှိပုံရပေရာ ဖုန်းလျန်မှာ ကြက်သီးမွေးညင်းများပင် ထသွားရသည်။

"မိန်းကလေး... ငါ့ကို အမြန်ဆုံး ခေါ်သွားပါ၊ နောက်ကျသွားရင် မမီဘဲနေဦးမယ်"

ချန်ဒါချောင်သည်လည်း အခြေအနေ၏ စိုးရိမ်ရမှုကို သိရှိသဖြင့် အမြန်ပင် ခေါင်းငြိမ့်လိုက်သည်။

ထိုခဏ၌ ဒုန်ဖန်းရှန့်မင်သည် အာဟာကို လှည့်ကြည့်လိုက်ရာ အံ့အားသင့်သွားဟန် ရှိသော်လည်း မကြာမီမှာပင် ပုံမှန်အတိုင်း ပြန်ဖြစ်သွားချေသည်။

"မင်းကို ပိုမြန်မြန် ခေါ်သွားပေးမယ်" ဟု ဒုန်ဖန်းရှန့်မင်က တည်ငြိမ်စွာဆိုသည်။

"ဝမ်ချိုင်ကော ဘယ်လိုလုပ်မလဲ" ဟု ချန်ဒါချောင်က မေးသည်။

"သူကတော့ သူ့ဘာသာ လမ်းသိမှာပါ" ဟု ဒုန်ဖန်းရှန့်မင်က ဆိုသည်။

ဝမ်ချိုင်၏ မျက်လုံးများထဲ၌မူ 'မင်းက ဘာကောင်မို့လို့လဲ' ဟု ဆိုနေသည့်အလား မထီမဲ့မြင်ပြုသော အရိပ်အယောင်များ ပေါ်လွင်နေ၏။

ချန်ဒါချောင်သည် ဝမ်ချိုင်၏ ဦးခေါင်းကို ဖက်လိုက်ရာ သူမမှာ ဝမ်ချိုင်နှင့် အရပ်အမောင်း မတိမ်းမယိမ်းပင် ရှိချေသည်။

"ဝမ်ချိုင်... နင့်ဘာသာ အိမ်ပြန်နိုင်တယ်မလား၊ ငါတို့ ဖုန်းအစ်ကိုကိုကယ်ဖို့ အရင်သွားနှင့်မယ်နော်"

ဝမ်ချိုင်သည် လူသားကဲ့သို့ပင် နားလည်စွာ ခေါင်းငြိမ့်ပြပြီးနောက် အရင်ဆုံး ပြေးထွက်သွားရာ မျက်စိတစ်မှိတ်အတွင်းမှာပင် ပျောက်ကွယ်သွားတော့သည်။

***

# အခန်း (၈၄)
# ကယ်တင်ခြင်း

*

ဒုန်ဖန်းရှန့်မင်သည် ဦးခေါင်းကို ညိတ်ရုံမျှပြု၍ ဒါချောင်အား မိမိ၏ အဝတ်စကို ဆွဲကိုင်ခွင့် ပြုလိုက်လေသည်။

ထိုခဏ၌ပင် သူတို့နှစ်ဦးမှာ ပေတစ်ရာခန့် ဝေးကွာသော အရပ်သို့ ရောက်ရှိသွားကြ၏။ ယင်းမှာ ဒုန်ဖန်းရှန့်မင်၏ 'မြေကျုံ့ခြင်း ပညာရပ်' ပင် ဖြစ်ချေသည်။

မြေကျုံ့ခြင်း ပညာရပ်ဟူသည် ရှန်းဝူ စကြဝဠာ တိုက်ကြီး၌ အလွန်ပင် အတွေ့ရများသော သိုင်းပညာရပ်တစ်ခု ဖြစ်ပေရာ လုံလောက်သော စွမ်းအင်ရှိပါက မည်သူမဆို အသုံးပြုနိုင်ပေသည်။

ကောင်းကင်သို့ ပျံသန်းနိုင်ခြင်း မရှိသေးမီ အချိန်ကာလ၌ ဤမြေကျုံ့ခြင်း ပညာရပ်မှာ ခရီးသွားလာရန်အတွက် အလွန်ပင် ကောင်းမွန်လှသော အတတ်ပညာတစ်ခု ဖြစ်ပေသည်။

ကျင့်စဉ်အဆင့် နက်ရှိုင်းလှသော ဒုန်ဖန်းရှန့်မင်သည် အပြင်းနှင်နေသော ဝမ်ချိုင်ကိုပင် လျင်မြန်စွာ ကျော်တက်သွားပြီး မြေနက်မြေသို့ မျက်တောင် တစ်ခတ်အတွင်း ဆိုက်ရောက်သွားလေတော့သည်။

ထိုအချိန်တွင် ရှောင်ချောင်မှာ အစီအရင်၏ အပြင်ဘက်၌ တစ်ကိုယ်လုံး သွေးအိုင်ထဲတွင် လဲလျောင်းနေသော ချင်ယွမ်ဖုန်းကို ကြည့်ရှုရင်း ပူပန်

သောက ရောက်နေရှာ၏။

ဤမျှလောက် သွေးများစွာ ဆုံးရှုံးနေခြင်းမျိုးမှာ အခြားသူတစ်ဦးဦးသာ ဆိုလျှင် ယခုအချိန်၌ အသက်ပျောက်နေပြီ ဖြစ်တန်ရာ၏။

ချင်ယွမ်ဖုန်းသည် 'နတ်သက်ကြွေ ဆေးမြစ်' ၏ အရွက်များကို များစွာ စားသုံးခဲ့ဖူးသဖြင့် ထိုဆေးမြစ်၏ ပြင်းထန်သော ဆေးအာနိသင် အစိတ်အပိုင်း အတော်များများမှာ သူ၏ ခန္ဓာကိုယ်အတွင်း၌ စိမ့်ဝင် ပျံ့နှံ့နေ ခဲ့သည်။

သို့သော်လည်း စုပ်ယူ၍ မကုန်သေးသော ဆေးအာနိသင် အကြွင်းအကျန် အချို့မှာမူ သူ၏ ကိုယ်တွင်း၌ပင် ကိန်းအောင်း ပုန်းလျှိုးနေခဲ့၏။

ယခုကဲ့သို့ အခြေအနေဆိုးနှင့် ကြုံကြိုက်ရသောအခါ ချင်ယွမ်ဖုန်း၏ ခန္ဓာကိုယ်အတွင်းရှိ ဆေးအာနိသင် အကြွင်းအကျန်များမှာ နိုးထလာကြပြီး သူ့အတွက် သွေးအသစ်များကို အဆက်မပြတ် ထုတ်လုပ်ပေးနေခဲ့သည်။

အရုဏ်ဦး အလင်းရောင်မှာ ပျံ့လွင့်လာပြီဖြစ်၍ နေမင်းမှာလည်း ထွက်ပြူ ရန် တာစူနေလေပြီ။ တစ်ညလုံး အချိန်ကုန်လွန်ခဲ့လေပြီ။

ဒုန်ဖန်းရှန့်မင်အတွက်မူ မြေနက်မြေ ဒေသသို့ ပထမဆုံးအကြိမ် ရောက်ရှိ လာခြင်း ဖြစ်ပေရာ စိမ်းလန်းစိုပြည်နေသော ဝိညာဉ်ဆေးပင်များနှင့် ကြီးမားလှသော မွေးမြူရေးခြံများကို မြင်တွေ့ရသောအခါ အလွန်ပင် အံ့အားသင့်သွားရလေသည်။

သို့သော်ငြား သူ၏ မျက်နှာထက်၌မူ မည်သည့် ခံစားချက်ကိုမျှ ဖော်ပြ ခြင်း မပြုခဲ့ပေ။

သူတို့နှစ်ဦးသည် ချင်ယွမ်ဖုန်း၏ ရှေ့မှောက်သို့ လျင်မြန်စွာ ရောက်ရှိလာ ကြသော်လည်း ချင်ယွမ်ဖုန်းမှာ အစီအရင်ကို ပိတ်ထားခဲ့ပြီး ဖြစ်

သောကြောင့် အစီအရင်မှာ အသက်ဝင်ခြင်း မရှိတော့ပေ။

"အစ်မ... အစ်မ နောက်ဆုံးတော့ ပြန်လာပြီပေါ့၊ ဖုန်းအစ်ကို့ကို ကြည့်ပါဦး၊ သွေးတွေ အများကြီး ထွက်နေတယ်" ဟု ရှောင်ချောင်က ငိုယိုကာ ဒါချောင်၏ ရင်ခွင်ထဲသို့ တိုးဝင်သွားရှာသည်။

ဒါချောင်ကလည်း "မကြောက်ပါနဲ့ ရှောင်ချောင်၊ ဒါက ဆေးနတ်ဘုရား ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးပဲ၊ သူ ဖုန်းအစ်ကို့ကို သေချာပေါက် ကယ်တင်ပေးနိုင်မှာပါ" ဟု လျှင်မြန်စွာပင် နှစ်သိမ့်လိုက်လေသည်။

"ဂိုဏ်းချုပ်ကြီး... ကျေးဇူးပြုပြီး ဖုန်းအစ်ကို့ကို ကယ်ပေးပါဦးရှင့်" ဟု ရှောင်ချောင်က ငိုကြွေးကာ တောင်းပန်ရှာ၏။

ဒုန်ဖန်းရှန့်မင်သည် ခေါင်းညိတ်ပြကာ ချင်ယွမ်ဖုန်း၏ နောက်ကျောဘက်၌ ဝင်ထိုင်လိုက်ပြီး သူ၏ လက်ဖဝါးကို ချင်ယွမ်ဖုန်း၏ ပုခုံးပေါ်သို့ တင်လိုက်လေသည်။

ကြီးမားလှသော ဝိညာဉ်စွမ်းအားတို့မှာ အရေပြားမှတစ်ဆင့် ချင်ယွမ်ဖုန်း၏ ခန္ဓာကိုယ်အတွင်းသို့ စီးဝင်သွားပြီးနောက်တွင်မူ ရှုပ်ထွေးပွေလီလှသော သွေးကြောများကို ဒုန်ဖန်းရှန့်မင် မြင်တွေ့လိုက်ရလေတော့၏။

ခဏအကြာတွင် ဒုန်ဖန်းရှန့်မင်က မျက်လုံးကို ဖွင့်လိုက်ပြီး "ချင်ယွမ်ဖုန်းဟာ ကျင့်စဉ်ဖောက်ပြန်တဲ့ ဝေဒနာကို ခံစားနေရပေမယ့် အခက်ခဲဆုံးဖြစ်တဲ့ စိတ်အာဃာတမိစ္ဆာရဲ့ အတားအဆီးကိုတော့ ကျော်လွှားနိုင်ခဲ့ပြီ။ ဒါကြောင့် အခုအချိန်မှာ သူ့ရဲ့ ရှုပ်ထွေးနေတဲ့ သွေးကြောတွေကို ကုသပေးလိုက်ရုံနဲ့ သူ ပြန်ကောင်းလာမှာပါ၊ မပူကြနဲ့တော့" ဟု မိန့်ကြားလိုက်လေသည်။

"အို... ကောင်းလိုက်တာ၊ ကျေးဇူးအများကြီး တင်ပါတယ် ဂိုဏ်းချုပ်ကြီး"

ဟု ဆိုကာ ဒါချောင်နှင့် ရှောင်ချောင်တို့မှာ ဒုန်ဖန်းရှန့်မင်ကို အရိုအသေပြု၍ ဦးညွတ်ကြကုန်၏။

ဒုန်ဖန်းရှန့်မင်သည် စကားမဆိုတော့ဘဲ မျက်လုံးများကို မှိတ်လျက် သူ၏ ကိုယ်တွင်းစွမ်းအားများကို ချင်ယွမ်ဖုန်း၏ ခန္ဓာကိုယ်အတွင်းသို့ ဖြည်းညင်းစွာ ပို့လွှတ်လိုက်လေသည်။

ချင်ယွမ်ဖုန်းသည် နွေးထွေးသော ခံစားမှုကို ရရှိလိုက်ပြီးနောက် မိမိနှင့် မသက်ဆိုင်သော စွမ်းအင်တစ်မျိုး မိမိခန္ဓာကိုယ်အတွင်းသို့ စီးဝင်လာသည်ကို သိရှိသွားသဖြင့် အလွန်ပင် လန့်ဖျပ်သွားရ၏။

"မစိုးရိမ်နဲ့၊ ငါက မင်းရဲ့ ဂိုဏ်းချုပ်ပဲ" ဟူသော အသံမှာ ချင်ယွမ်ဖုန်း၏ နားထဲသို့ တိုးဝင်လာလေသည်။

ထိုအခါမှ ချင်ယွမ်ဖုန်းသည် သက်ပြင်းချနိုင်တော့၏။

ဒုန်ဖန်းရှန့်မင် ကိုယ်တိုင် သူ့ကို လာရောက်ကယ်တင်ခြင်းပင်။

"ကောင်းပြီ... မျှော်လင့်ချက် ရှိသွားပြီ" ဟု ချင်ယွမ်ဖုန်းက တိုးတိုးလေး ရေရွတ်လိုက်မိလေသည်။

ဒုန်ဖန်းရှန့်မင်၏ ကိုယ်တွင်းစွမ်းအားမှာ အလွန်ပင် ကျယ်ပြောလှပေရာ ချင်ယွမ်ဖုန်း၏ ကိုယ်တွင်းသို့ ရောက်သောအခါ မရေမတွက်နိုင်သော ပုံသဏ္ဍာန်များအဖြစ် အသွင်ပြောင်းကာ ရှုပ်ထွေးနေသော သွေးကြောများဆီသို့ အပြင်းနှင်သွားပြီး ယင်းတို့ကို မူလနေရာများသို့ လျင်မြန်စွာ ပြန်လည်ရောက်ရှိစေလေသည်။

ချင်ယွမ်ဖုန်း ကိုယ်တိုင် ကြိုးစားမှုနှင့် နှိုင်းယှဉ်ပါက ဒုန်ဖန်းရှန့်မင်၏ ကုသမှု အရှိန်အဟုန်မှာ အဆပေါင်း ရာနှင့်ချီ၍ ပိုမိုမြန်ဆန်လှပေသည်။

တဖြည်းဖြည်းနှင့် ချင်ယွမ်ဖုန်း၏ သွေးကြောများမှာ မူလအတိုင်း ပြန်ဖြစ်

သွားကာ ကိုယ်တွင်းစွမ်းအားများမှာလည်း အဟန့်အတားမရှိ စီးဆင်းသွားတော့၏။

ပြောင်းပြန်စီးဆင်းနေသော သွေးများလည်း ရပ်တန့်သွားသဖြင့် ချင်ယွမ်ဖုန်းသည် သေဘေးမှ နောက်ဆုံးတွင် လွတ်မြောက်ခဲ့လေပြီ။

ဝမ်ချိုင်မှာလည်း ဖြည်းဖြည်းချင်း ပြန်လည်ရောက်ရှိလာကာ အိမ်ဘေး၌ လှဲလျောင်း၍ အသာအယာ နားနေလေတော့သည်။

နေမင်းသည် မိုးကုတ်စက်ဝိုင်းပေါ်သို့ ခုန်တက်လာကာ မြေနက်မြေတစ်ပြင်လုံးကို အလင်းရောင် ပေးလိုက်လေသည်။

ဒုန်ဖန်းရှန့်မင်လည်း ဤအချိန်၌ ကုသမှုကို ရပ်တန့်လိုက်၏။

"ဆရာကြီး... ဖုန်းအစ်ကို ဘယ်လိုနေသေးလဲဟင်" ဟု ဒါချောင်က အပြေးအလွှား လာရောက် မေးမြန်းရှာသည်။

ဒုန်ဖန်းရှန့်မင်က ဒါချောင်ကို ပြုံးပြလျက် "မစိုးရိမ်ပါနဲ့၊ သူ အခုအဆင်ပြေသွားပါပြီ၊ မကြာခင် နိုးလာတော့မှာပါ" ဟု မိန့်ကြားလိုက်၏။

ဒါချောင်နှင့် ရှောင်ချောင်တို့လည်း ထိုအခါမှ စိတ်အေးသွားကြတော့သည်။

ပင်ပန်းနွမ်းနယ်နေကြသော်လည်း သူတို့၏ စိတ်အစဉ်မှာမူ အလွန်ပင်ဝမ်းမြောက်နေကြပေသည်။

"ဆရာကြီး... ကျေးဇူးပြုပြီး ထိုင်ပါဦး" ဟု ဆိုကာ ရှောင်ချောင်က ဒုန်ဖန်းရှန့်မင်အတွက် ထိုင်ခုံတစ်ခု ယူလာပေး၏။

ဒါချောင်ကလည်း ဤနေရာ၌ အလျှံပယ် စိုက်ပျိုးထားသော ကျူးယွမ်လက်ဖက်ကို အသုံးပြု၍ ဒုန်ဖန်းရှန့်မင်အတွက် လက်ဖက်ရည် တစ်အိုး ခပ်ပေးလေသည်။

ဒုန်ဖန်းရှန့်မင်သည် ခေါင်းညိတ်၍ လက်ခံလိုက်ပြီးနောက် ထိုအခါမှသာ အိမ်ပတ်ပတ်လည်ရှိ အခြေအနေများကို သေချာစွာ မြင်တွေ့နိုင်တော့သည်။

မြောက်ဘက်တွင် ကြီးမားသော ရေကန်ကြီးတစ်ခု ရှိနေပြီး အနောက်ဘက်တွင် မွေးမြူရေးခြံ ရှိနေ၏။ အရှေ့ဘက်နှင့် တောင်ဘက်တို့တွင်မူ စိမ်းစိုနေသော အပင်များ ရှိနေကြရာ ယင်းတို့အထဲတွင် ဝိညာဉ်ဆေးပင်များစွာ ပါဝင်နေပြီး သိမ်မွေ့သော ဝိညာဉ်စွမ်းအင်များကို ထုတ်လွှတ်နေကြသဖြင့် ဤနေရာရှိ ကမ္ဘာဦးစွမ်းအင်မှာ အလွန်ပင် ပေါကြွယ်ဝလှပေသည်။

သာမက ဒုန်ဖန်းရှန့်မင်သည် အိမ်၏ နောက်ဘက်ရှိ ဝိညာဉ်ဆေးပင် နှစ်ပင်ကိုလည်း မြင်တွေ့လိုက်ရသေး၏။ တစ်ပင်မှာ ရွှေရောင်မိုးကြိုးများ ရစ်ပတ်နေသော အပင်ငယ်လေး ဖြစ်ပြီး အခြားတစ်ပင်မှာမူ သိမ်မွေ့သော အလင်းရောင်များ ထွက်ပေါ်နေသည့် နတ်မိမယ် ဆေးမြက်ပင် ဖြစ်ချေသည်။

"ဒီကောင်လေးကတော့ မဆိုးဘူးပဲ" ဟု ဒုန်ဖန်းရှန့်မင်က တိုးတိုးလေး ရေရွတ်လိုက်မိ၏။

မကြာမီပင် ချင်ယွမ်ဖုန်းသည် မျက်လုံးများကို ဖြည်းညင်းစွာ ဖွင့်လိုက်လေသည်။

သူ၏ ခန္ဓာကိုယ်မှာ ပြန်လည် ကျန်းမာလာခဲ့ပြီ ဖြစ်သည့်အပြင် အင်အားများလည်း ပြည့်ဝနေတော့၏။

"ကယ်တင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဂိုဏ်းချုပ်ကြီး" ဟု ဆိုကာ ချင်ယွမ်ဖုန်းသည် ထရပ်၍ လက်အုပ်ချီကာ ကျေးဇူးတင်စကား ဆိုလေသည်။

ယခုအကြိမ်နှင့် ဆိုလျှင် ဒုန်ဖန်းရှန့်မင်သည် ချင်ယွမ်ဖုန်းအား ကယ်တင်

ခဲ့သည်မှာ သုံးကြိမ်တိုင်တိုင် ရှိခဲ့လေပြီ။

"အားနာမနေပါနဲ့" ဟု ဒုန်ဖန်းရှန့်မင်က တည်ငြိမ်စွာပင် ပြန်လည်မိန့်ကြားလိုက်၏။ "ဒါပေမဲ့ မင်း ငါ့ကို မပြောရသေးတဲ့ အကြောင်းအရာတွေ အများကြီး ရှိနေပုံရတယ်နော်"

ချင်ယွမ်ဖုန်းမှာ စိတ်ထဲ၌ ခါးသက်မှုကို ခံစားလိုက်ရ၏။ မည်သည့်နေရာက ရောက်လာမှန်းမသိသော ရေကန်ကြီး၊ မွေးမြူရေးခြံနှင့် ဝိညာဉ်ဆေးပင်များ... ဤအရာအားလုံးကို သူ မည်သို့မျှ ရှင်းပြနိုင်မည် မဟုတ်ပေ။

"ဒါချောင်နဲ့ ရှောင်ချောင်၊ မင်းတို့နှစ်ယောက် သွားပြီး စားစရာ တစ်ခုခု ပြင်ဆင်လိုက်ကြဦး၊ ငါ ဂိုဏ်းချုပ်ကြီးနဲ့ နှစ်ယောက်ချင်း စကားပြောချင်လို့" ဟု ချင်ယွမ်ဖုန်းက ဆိုလိုက်လေသည်။

ဒါချောင်နှင့် ရှောင်ချောင်တို့လည်း နားလည်မှုရှိရှိ ခေါင်းညိတ်ပြကာ မီးဖိုချောင်အတွင်းသို့ ဝင်သွားကြကုန်၏။

"ကဲ... ပြောပါဦး၊ တကယ်တမ်း ဘာတွေဖြစ်ခဲ့တာလဲ" ဟု ဒုန်ဖန်းရှန့်မင်က ပြုံးလျက် မေးမြန်းလိုက်လေသည်။

ချင်ယွမ်ဖုန်းက ခေါင်းကို ခါယမ်းလိုက်ပြီး "ဂိုဏ်းချုပ်ကြီး... ကျွန်တော် တကယ်ပဲ တောင်းပန်ပါတယ်၊ တချို့အရာတွေကို ကျွန်တော် ရှင်းမပြနိုင်လို့ပါ" ဟု ဆိုလိုက်၏။

"ရှင်းမပြနိုင်ဘူး ဟုတ်လား" ဒုန်ဖန်းရှန့်မင်သည် ချင်ယွမ်ဖုန်းကို ပြုံး၍ ကြည့်လိုက်ရာ သူ၏ မျက်ဝန်းများထဲတွင် အရာအားလုံးကို ထိုးထွင်းသိမြင်နေသော အကြည့်မျိုး ပြန်လည်ပေါ်ပေါက်လာပြန်သည်။

"ဂိုဏ်းချုပ်ကြီး..." ချင်ယွမ်ဖုန်းက အားနည်းစွာ ပြုံးပြလိုက်ရင်း "မစူးစမ်းတာက ပိုကောင်းပါလိမ့်မယ်၊ ကျွန်တော် တကယ်ပဲ မပြောနိုင်လို့ပါ"

"ကောင်းပြီလေ… တချို့အရာတွေကို ငါ မမေးဘဲ ထားပေးနိုင်ပါတယ်၊ ဒါပေမဲ့ မင်း ဘာလို့ ကျင့်စဉ်ဖောက်ပြန်ရတာလဲ" ဟု ဆိုကာ ဒုန်ဖန်းရှန့်မင်က ချင်ယွမ်ဖုန်းကို စိုက်ကြည့်လိုက်လေသည်။

ရေကန်များနှင့် ငါးကန်များမှာ ချင်ယွမ်ဖုန်း၏ လျှို့ဝှက်ချက်များ ဖြစ်ပေရာ ဒုန်ဖန်းရှန့်မင် အနေဖြင့် ယင်းတို့ကို လျစ်လျူရှုထားပေးနိုင်သော်လည်း ချင်ယွမ်ဖုန်း၏ မိစ္ဆာဝင်ရောက်မှုမှာမူ တစ်စုံတစ်ခုကြောင့် ဖြစ်ရမည်မှာ သေချာလှပေသည်။

ထို့ကြောင့် ဒုန်ဖန်းရှန့်မင် အနေဖြင့် ဤအချက်ကို သိရှိထားရန် လိုအပ်ပေသည်။ အကြောင်းမူကား ချင်ယွမ်ဖုန်းသည် သူ၏ အတွက် အရေးပါသော သူတစ်ဦး ဖြစ်နေပြီး ချင်ယွမ်ဖုန်းအား တစ်စုံတစ်ခု ဖြစ်သွားသည်ကို သူ မမြင်လိုသောကြောင့်ပင်။

"ကျွန်တော့်ရဲ့ ပါရမီတွေ ဘာကြောင့် ဆုံးရှုံးသွားရလဲဆိုတာကို ဂိုဏ်းချုပ်ကြီး သိထားမှာပါ" ဟု ချင်ယွမ်ဖုန်းက ခါးသီးစွာ ဆိုလိုက်၏။

ဒုန်ဖန်းရှန့်မင်က ခေါင်းညိတ်၍ "ငါ အနည်းငယ်တော့ ကြားဖူးပါတယ်၊ မင်း ဆေးနတ်ဘုရားဂိုဏ်းကို မရောက်ခင်ကတည်းက မင်းအကြောင်း ငါ ကြားခဲ့ဖူးတယ်။ ဒါပေမဲ့ မင်း အခုလို အတိတ်က စိတ်ဒဏ်ရာတွေကို ကျော်လွှားနိုင်ပြီး ကျင့်စဉ်အဆင့်တွေ တိုးတက်လာတယ်ဆိုတာက မင်းဟာ ပါရမီရှင်တစ်ယောက် ဖြစ်တယ်ဆိုတာကို သက်သေပြနေတာပဲ"

ချင်ယွမ်ဖုန်းက ခေါင်းကို ခါယမ်းလိုက်ပြီး "ဂိုဏ်းချုပ်ကြီး အမှန်အတိုင်းပြောရရင် ကျွန်တော့်ရဲ့ ပါရမီတွေက ပြန်ကောင်းမွန်လာတာ မဟုတ်ပါဘူး။ အခုလို အင်အားတွေ တိုးတက်လာရတာက တစ်စုံတစ်ရာသော ကံကောင်းတဲ့ တွေ့ကြုံမှုတွေကြောင့်ပါ" ဟု ပြောကြားလိုက်လေတော့သတည်း။

***